# သာမန်ကာလ (၁၈) ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာတေဦး ၁၄း၁၃-၂၁

ယနေ့ခေတ်လူတွေက ကိုယ်ကာယရေးအတွက် စားဝတ်နေရေးကို အဓိက ရှာဖွေကြတယ်။ ကိုယ့်ဝိညာဉ်ရေးအတွက် သတိမထားမိကြပါဘူး။ အမှန်ကတော့ ကိုယ့်ကိုယ်ကာယရေးဖြစ်တဲ့ စားဝတ်နေရေး ပြေလည်နေရင်တောင် လူက စိတ်ချမ်းသာချင်မှ စိတ်ချမ်းသာမှာပါ။ ကာယရေး ပြေလည်တာနဲ့ စိတ်ချမ်းသာတာက ဘာမျှ မဆိုင်ပါဘူး။ ကာယရေးမှာ ကျန်းမာ ချမ်းသာနေပေမဲ့ စိတ်ဆင်းရဲနေရတဲ့သူ အများကြီးပါပဲ။ ဒါဟာ ဘာပြဿနာလဲဆိုတော့ ဝိညာဉ်ရေးပြဿနာပါပဲ။ သူ့ဘဝမှာ ဘုရားပျောက်နေတယ်။ ကျနော်တို့ဟာ တစ်ခုခုနဲ့ မှိုင်းမိနေတယ်၊ ချုပ်နှောင်ခံနေရသေးလို့ စိတ်က စိတ်လွတ်ကိုယ်လွတ် မပျော်နိုင်တာပါ။ ဘာတွေနဲ့ မှိုင်းမိနေတာလဲ မာန၊ ဒေါသ၊ မနာလိုစိတ်တွေနဲ့ပါပဲ။ ဂလဲ့စားချေချင်တဲ့စိတ်က လွှမ်းမိုးနေတယ်။ မုန်းတဲ့စိတ်က ရှိနေတယ်။ ဒါ့အပြင် စိတ်ထဲက ဘာတွေ စွဲလန်းနေသလဲဆိုတော့ မကောင်းတဲ့ရုပ်ပုံ ဗီဒီယိုတွေ ကြည့်ချင်စိတ်၊ အရက်ကို စွဲလန်းစိတ်၊ လောင်းကစားကို စွဲလန်းစိတ်တွေက သူ့ကို ချုပ်ကိုင်နေတယ်။ နောက်ဆုံးအကျိုးဆက်အနေနဲ့ သူက ချစ်နိုင်စွမ်း မရှိတော့ဘူး။ စိတ်မချမ်းသာနိုင်တော့ဘူး။

ယနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်းမှာ သခင်ယေဇူးက ရှင်ယောဟန်ဗတ္တိစ္စတား ခေါင်းဖြတ် အသတ်ခံလိုက်ရလို့ စိတ်မကောင်းဖြစ်ပြီး ဘယ်သူနဲ့မှလည်း မတွေ့ချင်လို့ တပည့်တော်ကြီးများနဲ့ လူသူကင်းဝေးရာကို ထွက်သွားပေမဲ့ လူတွေက နောက်တော်ကို လိုက်လာကြပါတယ်။ သခင်ယေဇူးက ကိုယ့်စိတ်မှာ ပူဆွေးနေရတာကို ဘေးချိတ်ပြီး လူတွေကို လက်ခံတွေ့ဆုံခဲ့တယ်။ တရားဆက်ဟောခဲ့တယ်။ လူတွေက သိုးထိန်းမရှိတဲ့သိုးတွေလို ဗရမ်းဗတါဖြစ်နေတာကို ကြည့်ပြီး သနားတယ်။ သခင်ယေဇူးက ကိုယ့်ဒုက္ခ၊ ကိုယ့်ပူဆွေးမှုကို အသာထားအုံး၊ လူတွေရဲ့ဒုက္ခကို အရင်ကြည့်ပေးတတ်တယ်။ သူတစ်ပါးအရေးကို အရင်နေရာပေးတယ်။ ကိုယ့်အရေးကို ရှေ့တန်းမတင်ဘူး။

လူတွေ ဆာလောင်နေလို့ တပည့်တော်ကြီးတွေဆီမှာ ရှိတဲ့ မုန့် ၅လုံးနဲ့ ငါး ၂ ကောင်ကို ပွါးများပြီး လူ ၅၀၀၀ ကျော်ကို ကျွေးတော်မူခဲ့ပါတယ်။ ဒါအားဖြင့် ဘာကို ပြနေသလဲဆိုတော့ သခင်ယေဇူးဟာ ဒီလောကသားတွေကို သူ့ရဲ့ အသားတော်၊ အသွေးတော်နဲ့ ကျွေးတော်မူမည့်ဘုရားဆိုတာ ကြိုတင်သိစေပါတယ်။ လူတွေ ဗိုက်ဆာနေတဲ့ပြဿနာကို တပည့်တော်ကြီးတွေက ဖြေရှင်းလိုက်ပုံက “လူအစုအဝေးကို ပြန်ခိုင်းပြီး ကိုယ်စားဖို့ ကိုယ့်ဖါသာကို” ဖြေရှင်းခိုင်းပါတယ်။ ယေဇူးဘုရားရှင် ဖြေရှင်းလိုက်ပုံက “သင်တို့သည် သူတို့အား စားစရာတစ်စုံတစ်ခုကို ပေးကြလော့” တဲ့။ တပည့်တော်တို့ကလည်း “တပည့်တော်တို့မှာ ပေါင်မုန့် ၅ လုံးနှင့် ငါးနှစ်ကောင်သာ ရှိပါတယ်” လို့ ပြန်ပြောပေမဲ့ သခင်ယေဇူးကတော့ သူတို့ရှိတာ သူတို့ ဝေမျှပေးကြဖို့ပဲ မိန့်တော်မူပါတယ်။ အဲဒီစိတ်ဓါတ်ကို သင်ပေးတော်မူပါတယ်။

သခင်ယေဇူးကိုယ်တော်တိုင်ကလည်း သူ့ရှိတာသူပေးတာပါပဲ သူ့ရှိတဲ့ သူ့ကိုယ် နဲ့ သူ့ရဲ့ အသွေးကို ပေးတာပါပဲ။ သခင်ယေဇူး သင်ပေးချင်တာက ကိုယ့်မှာ ပိုလျှံနေလို့ ပေးတာ မဟုတ်ရပဲ

ကိုယ်ရှိတာကိုပဲ ခွဲဝေပေးဖို့ပါပဲ။ ဒါကြောင့် ကိုယ်တော်မြတ်မှာလည်း ရဟန်းက မုန့်ကို ဖဲ့ရတဲ့ အခိပ္ပါယ်ပါပဲ ပိုနေလို့ ပေးတာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကို ဖဲ့ပေးတဲ့သဘောပါပဲ။ ဘုရားရဲ့အချစ်က အဲ့လိုပါပဲ။ သူ့ကိုယ်သူ ပေးတဲ့အချစ်ဖြစ်ပါတယ်။

ဒါကြောင့် ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ရောမ ၈း ၃၅ မှာ ရှင်ပေါလူးက ငါတို့ တတ်မက်တာက ကာယရဲ့ စားဝတ်နေရေး မဟုတ်ဘူး၊ ဘုရားရဲ့အချစ်ကိုပဲ တတ်မက်မောတယ်ဆိုတာ အခုလို ရေးထားပါတယ်။ "မည်သူသည် ငါတို့ကို ခရစ်တော်၏မေတ္တာတော်နှင့် ကင်းကွာစေနိုင်မည်နည်း။ ဒုက္ခအခက်အခဲများ၊ ဆင်းရဲနွမ်းပါးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ အစာငတ်မွတ်ခြင်း၊ အဝတ်အစားကင်းမဲ့ခြင်း၊ ဘေးအန္တရာယ်နှင့် ကြုံတွေ့ခြင်း၊ ကွပ်မျက်ခံရခြင်း စသည်တို့သည် ငါတို့ကို ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့် ကွဲကွာစေမည်လော။" အစာငတ်မွတ်တာ၊ အဝတ်အစားကင်းမဲ့တာ ချို့တဲ့တာဆိုတဲ့ စားဝတ်နေရေးထက်/ အစားအသောက်ထက် ဘုရားရဲ့အချစ်က ဘဝမှာ အရေးကြီးဆုံးပါပဲ။

ဘုရားက ကျနော်တို့ကို အဲ့ဒီလောက် အသက်ပေးတဲ့အထိ ချစ်နေကြောင်း ကျနော်တို့က သိရှိခံစားနေရရင် ကျနော်တို့က ဘယ်အခက်အခဲမှ ကြောက်နေမှာ မဟုတ်တော့ပါဘူး။ သခင်ယေဇူးလိုပေါ့ သခင်ယေဇူးလည်း ခမည်းတော်ဘုရားက ဘယ်လောက်ထိချစ်နေတယ်ဆိုတာ သူသိရှိခံစားရလို့ ကားတိုင်ပေါ်မှာ အသတ်ခံရမှာကိုတောင် မကြောက်တော့တာပါပဲ။

အစကပြောခဲ့သလို စားဝတ်နေရေး ပြေလည်ပေမဲ့ ဝိညာဉ်ရေးမှာ ဘုရား မပါဝင်ရင် သင်ဟာ ဘယ်လိုမှ စိတ်ချမ်းသာနိုင်မှာ မဟုတ်ဘူးဆိုတာ အသေအချာပြောခဲ့ပါတယ်။ စိတ်ချမ်းသာချင်ရင် ဘုရားကိုသာ နားထောင်ပါ။ ဘုရားချစ်တာကို သိရှိခံစားရပြီဆိုရင် သင်ဟာ သင်ပျော်ဖို့ ဘာမျှ ကြီးကြီးကျယ်ကျယ်တွေ မလိုအပ်တော့ဘူး။

ကိုယ်တော်မြတ်ကို ပင့်ယူပြီး ဘုရားနဲ့ ပေါင်းစပ်သလိုပဲ သူတစ်ပါးတွေနဲ့ပါ ပေါင်းစပ်စရာလိုပါတယ်။ ကျနော်တို့ တစ်ယောက်စီက ကိုယ်ဟာ သူတစ်ပါးအတွက်ဖြစ်တယ်ဆိုတဲ့ ဘုရားတရားအသိကို စိတ်ထဲရောက်စေပါတယ်။ ဒါကြောင့် ကိုယ်တော်မြတ်ကို ဖန်ဆင်းတဲ့အခါ " သင်တို့အဖို့ အပ်နှံခံရမည့် ငါ၏ကိုယ် ဖြစ်၏" လို့ ရွတ်ဆိုသလိုပေါ့။ ကိုယ်က သူတစ်ပါးအတွက် "အပ်နှံခံရမည့် ငါ၏ကိုယ်" လို့ ခံယူကြရပါမယ်။

ဒါကြောင့် ယနေ့ တပည့်တော်ကြီးတွေကို သင်ပေးတဲ့အတိုင်း ကိုယ့်မှာ မုန့် ၅ လုံးနဲ့ ငါး ၂ ကောင်ပဲ ရှိတာတောင် ရက်ရက်ရောရော ဝေမျှစားကြဖို့ သင်ခန်းစာပေးပါတယ်။ အတူတူ ဆုတောင်းခြင်း၊ အတူတူ ဝတ်ပြုခြင်းတွေက တစ်ယောက်ကိုတစ်ယောက် အားပေးနေသလိုဖြစ်စေပါတယ်။ ဒါကြောင့် အသိုင်းအဝိုင်းနဲ့ ခွဲမထွက်ပါနဲ့ ၊ ခွဲထွက်ရင် သင်ဟာ ယုံကြည်ခြင်း ပျက်နိုင်ပါတယ်။ မီးခဲတွေလိုပေါ့။ မီးတောက်နေတဲ့ ၊ ရဲတောက်နေတဲ့ မီးခဲတွေထဲက မီးခဲတစ်ခဲကို မီးညှပ်နဲ့ အပြင်ကို ခွဲထုတ်ထားကြည့်ပါ။ အဲဒီ မီးခဲတစ်ခဲက မကြာခင် မီးသေပြီး အေးသွားပါလိမ့်မယ်။ ဒီလိုပါပဲ၊ သင်က ခရစ်ယာန် အသိုင်းအဝိုင်းမှ ခွဲထွက်နေမယ်ဆိုရင်တော့ သင့် ယုံကြည်ခြင်းက အေးစက်သွားနိုင်ပါတယ်။

နားဆင်သူများအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားရပါစေ။